**လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များတွင် အသုံးပြုသည့် ပြည်တွင်းထုတ်နှင့် ပြည်ပမှတင်သွင်းလာသည့် မော်တော်ယာဉ်များအပေါ် အသင်းအဖွဲ့အမည်ဖြင့် မှတ်ပုံတင်မည့် နာရေးယာဉ်၊ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်များအတွက် အခွန်ကင်းလွတ်ခွင့်ပြုပေးထားခြင်းအား သိရှိနိုင်ပါရန် ကြေညာခြင်း**

ပြည်တွင်းထုတ်နှင့် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအနက် လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များတွင် အသုံးပြုသည့် မော်တော်ယာဉ်များအပေါ် တည်ဆဲ အခွန်ဆိုင်ရာဥပဒေများအရ **အသင်းအဖွဲ့အမည်ဖြင့် မှတ်ပုံတင်မည့် နာရေးယာဉ်၊ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်များအတွက်** အခွန်ကင်းလွတ်ခွင့်များကို အောက်ပါအတိုင်း ခွင့်ပြုထားပါကြောင်း အသိပေးအပ်ပါသည်-

(က) **ဝင်ငွေခွန်ကင်းလွတ်ခွင့်**

(၁) ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆-ခ ၏ လုပ်ပိုင်ခွင့်အရ ၂၂-၁-၂၀၁၈ ရက်စွဲပါ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ ၇/၂၀၁၈ အရ ပြည်ပမှ တင်သွင်းသည့် **နာရေးယာဉ်၊ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်များ** အပေါ် ကြိုတင် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကင်းလွတ်ခွင့်ပြုထားပါသည်။

(ခ) **ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်**

(၁) ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ (က) ၏ ဇယားအမှတ်စဉ် ၇၄ အရ **မီးသတ်ယာဉ်များနှင့် နာရေးယာဉ်များ** အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုထားပါသည်။

(၂) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ(ခ) အရ "ပြည်တွင်းပြည်ပအလှူရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ နိုင်ငံတော်အတွင်း လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များ အတွက် လှူဒါန်းသည့် **နာရေးယာဉ်၊ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်များ"** ကို ပြည်ထောင်စုအစိုးရအဖွဲ့မှ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုပေးနိုင်ပါသည်။

(ဂ) **အထူးကုန်စည်ခွန်ကင်းလွတ်ခွင့်**

(၁) အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၉ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၅) အရ " ပြည်တွင်းပြည်ပ အလှူရှင်များမှ ပြည်တွင်းရှိ အဖွဲ့အစည်းများသို့ လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် အသုံးပြုရန် တင်သွင်းသော သို့မဟုတ် ပြည်တွင်းရှိ ထုတ်လုပ်သော **နာရေးယာဉ်၊ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်များ"** အပေါ် အထူးကုန်စည်ခွန်ကင်း လွတ်ခွင့်ပြုထားပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**